သက်၍ လုပ်ကွက်မှ မြေအောက်ရေ ရေနမူနာအား ဓာတ်ခွဲစမ်းသပ်အဖြေများအရ WHO Drinking Water Standard နှိုင်းယှဉ်ပါက သတ်မှတ်ချက်အတွင်းသာ ရှိကြောင်း၊

(ဇ) စီမံကိန်းလုပ်ကွက်အတွင်းရှိ လက်ရှိပတ်ဝန်းကျင်အခြေအနေတွင် လုပ်ကွက်သည် သစ်တောကြိုးဝိုင်းအတွင်း ကျရောက်သည့်အတွက်ကြောင့် သဘာဝပေါက်ပင်များ၊ တောရိုင်းတိရစ္ဆာန်များရှိကြောင်း၊ လုပ်ကွက်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးခြင်း၊ တောင်ယာလုပ်ကိုင်ခြင်း၊ ရွှေသတ္တုတူးဖော်သော ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်ကြောင်း၊

(ဈ) စီမံကိန်းလုပ်ကွက်အတွင်း ဆူညံသံထွက်ရှိမှုကြောင့် ထိခိုက်မှုမရှိစေရေးအတွက် ကောင်းမွန်သည့်ယာဉ်/စက်များ အသုံးပြုခြင်းနှင့် ပုံမှန် စစ်ဆေးခြင်း၊ မီးစက်များကို အသံလုံသောအခန်းတွင်ထားရှိခြင်း၊ စက်ပစ္စည်းပြင်ဆင်ထိန်းသိမ်းရေးအတွက် အစီအစဉ်ထားခြင်း၊ အရည်အသွေးကောင်းမွန်သည့် ဓါတ်ဆီအသုံးပြုစေခြင်းများ၊ တစ်ကိုယ်ရည်သုံးကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ အသုံးပြုစေခြင်း၊ အလုပ်ချိန်အလှည့်ကျဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ည) လေထုညစ်ညမ်းမှုမရှိစေရန် ကြားခံဇရိယာအဖြစ် လုပ်ငန်းဝန်းကျင်ရှိ မြေလွတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ အရည်အသွေးကောင်းမွန်သည့် ဓါတ်ဆီကို အသုံးပြုစေခြင်း၊ ကောင်းမွန်သည့်ယာဉ်/စက်များ အသုံးပြုခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာခြင်းလုပ်ငန်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးရမည့် အစီအစဉ်ပါအတိုင်း ဆောင်ရွက်ကြောင်း၊

(ဋ) ပြဒါးအသုံးပြုမှုကြောင့် လုပ်သားများ ကျန်းမာရေးထိခိုက်မှုမရှိစေရန် ပြဒါးဖမ်းရာတွင် တစ်ကိုယ်ရည်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ အသုံးပြုစေခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဌ) ရွှေအသေးစား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော အပေါ်ယံမြေဆီလွှာများကို လုပ်ကွက်အနီး လုပ်ကွက်၏ အရှေ့နှင့်အနောက (၂)ပုံ စုပုံထားမည်ဖြစ်ကြောင်း၊ မြေစာပုံများကို အလျား (၁၀၀၀)ပေ၊ အနံ (၂၀၀) ပေ နှင့် အမြင့်မှာ (၅၀) ပေခန့်စုပုံမည်ဖြစ်ကြောင်း၊ စုစုပေါင်းစုပုံမည့်ပမာဏမှာ ကျင်း (၂၀၀၀၀၀) ခန့် ရှိကြောင်း၊ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ရန် မြေသိုလှောင်ထားသောနေရာတွင် အပင်များပြန်လည်စိုက်ပျိုးပေးမည်ဖြစ်ကြောင်း၊

(ဍ) ရွှေတူးဖော်သည့်လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် ထွက်ရှိလာသော စွန့်ပစ်မြေစာများကို လုပ်ကွက်ဧရိယာအတွင်း စုပုံထားမည်ဖြစ်ကြောင်း နှင့် စွန့်ပစ်မြေစာပုံ အမြင့်မှာ (၂၀)ပေခန့်ဖြစ်ပြီး စုပုံမည့်ပမာဏမှာ ကျင်း(၄၈၀၀၀)ခန့် ရှိကြောင်း၊ စွန့်ပစ်ရေနောက်များကို ရေကြည်ဖြစ်စေရန်အတွက် လုပ်ကွက်ဧရိယာအတွင်း ရေစစ်ကန်နှင့် ရေစုကန်များ ပြုလုပ်ဆောင်ရွက်ထားရှိကြောင်း၊

(ဎ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင် (၆) ဦး ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကာကွယ်ရေး အစီအစဉ်အနေဖြင့် အရေး